# Message Four
## ဘုရားသခင်ချစ်တော်မူသော သားတော်၏ နိုင်ငံတော်၌ အသက်ရှင်ခြင်း

ဖတ်ရန်ကျမ်း။ ။ ကော၊၁း၁၂-၁၃

**I. ခမည်းတော်သည် "မှောင်မိုက်၏အခွင့်အာဏာမှ ကျွန်ုပ်တို့ကို နုတ်ယူ" ၍ "ချစ်တော်မူသော သားတော်၏ နိုင်ငံတော်အထဲသို့ သွင်းတော်မူ"ခဲ့သည် - ကော၊၁း၁၂-၁၃။**

**II. *မှောင်မိုက်၏အခွင့်အာဏာ* သည် စာတန်၏အခွင့်အာဏာကို ရည်ညွှန်းသည်။ ဘုရားသခင်သည် အလင်းဖြစ်ပြီး၊ စာတန်သည် မှောင်မိုက်ဖြစ်သည်။**

A. စာတန်၏ မှောင်မိုက်အခွင့်အာဏာသည် ကောင်းကင်ဆိုင်ရာများ၌၊ လေထဲ၌ ရှိသော ဆိုးညစ်သောအခွင့်အာဏာ ဖြစ်သည် - ဧ၊၆း၁၂။

B. ကောင်းကင်ဆိုင်ရာများရှိ ဆိုးညစ်ခြင်း၏၊ ပုန်ကန်ခြင်း၏ အခွင့်အာဏာသည် စာတန်၏နိုင်ငံ၊ မှောင်မိုက်၏ အခွင့်အာဏာ ဖြစ်သည် - မ၊၁၂း၂၆။

C. မှောင်မိုက်၏အခွင့်အာဏာမှ နုတ်ယူခံရခြင်းမှာ သေခြင်း၏အစွမ်းရှိသောသူမာရ်နတ်လက်မှ နုတ်ယူခံရခြင်းဖြစ်သည်-ဟေဗြဲ၊ ၂း၁၄။ ယော၊၁၇း၁၅။

D. ကျွန်ုပ်တို့သည် ခရစ်တော်၏ အသေခံခြင်းအားဖြင့်လည်းကောင်း၊ ရှင်ပြန်ထမြောက်ခြင်း၌ ခရစ်တော်၏ အသက်အားဖြင့်လည်းကောင်း မာရ်နတ်၊ စာတန် လက်မှ နုတ်ယူခံရကြပြီဖြစ်သည် - ကော၊၂း၁၅။ ယော၊၅း၂၄။

**III. ခမည်းတော်သည် ကျွန်ုပ်တို့ကို "ချစ်တော်မူသော သားတော်၏နိုင်ငံတော်အထဲသို့ သွင်းပေးခဲ့ပြီ" ဖြစ်သည် - ကော၊၁း၁၃။**

A. ဘုရားသခင်ချစ်တော်မူသော သားတော်၏ နိုင်ငံတော်သည် ခရစ်တော်၏ အခွင့်အာဏာဖြစ်သည် - ဗျာ၊၁၁း၁၅။ ၁၂း၁၀။

B. ဘုရားသခင်၏သားတော်သည် ဘုရားဆိုင်ရာအသက်၏ ကိုယ်ထင်ရှားခြင်းနှင့် ထင်ရှားဖော်ပြခြင်း ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်သည် အသက်၏နယ်ပယ်အဖြစ် သားတော်၏နိုင်ငံတော်ဖြစ်သည် - ၁ယော၊၅း၁၁-၁၂။

1. ခမည်းတော်ချစ်တော်မူသော သားတော်၏ နိုင်ငံတော်အထဲသို့ ကူးပြောင်းခံရခြင်းမှာ ကျွန်ုပ်တို့ထံ အသက်ဖြစ်သော သားတော်အထဲသို့ ကူးပြောင်းခံရခြင်း ဖြစ်သည် - ကော၊၃း၄။

2. ရှင်ပြန်ထမြောက်ခြင်းအဖြစ် သားတော်သည် ယခု အသက်ပေးသော ဝိညာဉ်တော်ဖြစ်ပြီး၊ ကိုယ်တော်သည် ရှင်ပြန်ထမြောက်ခြင်းအသက်၌ ကိုယ်တော်၏မေတ္တာတော်နှင့်အတူ ကျွန်ုပ်တို့ကို အုပ်စိုးနေသည် - ၁ပေ၊၁း၃။ ရော၊၆း၃-၄။ ၁ကော၊ ၁၅း၄၅ခ။

3. ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်း၌ ကျွန်ုပ်တို့၏အသက်အဖြစ် သားတော်အားဖြင့် အသက်ရှင်ကြသောအခါ၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏နိုင်ငံတော်၌ အသက်ရှင်ကြပြီး၊ ခမည်းတော်၏ ချစ်တော်မူခြင်း၌ ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်နေကြသည် - ယော၊၆း၅၇။

C. ကျွန်ုပ်တို့သည် ဘုရားသခင်ချစ်တော်မူသော သားတော်၏နိုင်ငံတော်အထဲသို့ ကူးပြောင်းခံရခြင်းအချက်မှာ ဤအသက်၏ နယ်ပယ်သည် မေတ္တာ၌ဖြစ်ပြီး၊ ကြောက်ရွံ့ခြင်း၌မဟုတ်ကြောင်း ညွှန်ပြနေသည် - ကော၊၁း၁၃။

1. ယနေ့ ကျွန်ုပ်တို့ကိုယ်ကို ရှာတွေ့ကြရသည့် နိုင်ငံတော်သည် အသက်၊ အလင်းနှင့် မေတ္တာဖြင့် ပြည့်ဝနေသော နယ်ပယ်ဖြစ်သည် - ၁ယော၊၁း၁-၂၊ ၅၊ ၇။ ၄း၈၊ ၁၆။

2. ဘုရားဆိုင်ရာမေတ္တာ၏ အဓိကအရာဖြစ်သည့် သားတော်သည် ကျွန်ုပ်တို့ထံ ရှင်ပြန်ထမြောက်ခြင်း၏ အခွင့်အာဏာနှင့်အတူ ဘုရားဆိုင်ရာမေတ္တာ၌ ဘုရားဆိုင်ရာအသက်၏ ကိုယ်ထင်ရှားခြင်းဖြစ်လာခဲ့သည်။ ဤသည်မှာ ဘုရားသခင်ချစ်တော်မူသော သားတော်၏ နိုင်ငံတော်ဖြစ်သည် - ကော၊၁း၁၃။

3. ခမည်းတော်သည် ကျွန်ုပ်တို့အား မေတ္တာ၌ အသက်ဖြင့် အုပ်စိုးခံရစေသည့် နယ်ပယ်ထဲသို့ ကူးပြောင်းပေးခဲ့ပြီဖြစ်သည်။

a. ဤနေရာတွင် ကောင်းကင်ဆိုင်ရာအုပ်စိုးခြင်းနှင့် ကန့်သတ်ပေးခြင်းအောက်၌ ကျွန်ုပ်တို့သည် မေတ္တာ၌၊ အသက်ဖြင့်၊ အလင်းအောက်မှာ စစ်မှန်သော လွတ်လပ်မှုကို ရရှိကြသည် - မ၊၇း၁၃-၁၄။

b. ဤနေရာ၌ နိုင်ငံတော်တွင် ကျွန်ုပ်တို့သည် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ကြကာ၊ အသင်းတော်အသက်တာကို ရရှိကြသည် - ကော၊၁း၁၂။ ၄း၁၅-၁၆။

**IV. ဘုရားသခင်ချစ်တော်မူသော သားတော်၏ နိုင်ငံတော်သည် ဘုရားသခင့်အလိုတော်၏ အရေးကြီးသော သွင်ပြင်ဖြစ်သည် - ၁း၉။ ၄း၁၂။**

A. ဘုရားသခင်သည် အကြံအစည်တော်ရှိသော ဘုရားသခင်ဖြစ်ပြီး၊ ကိုယ်တော်တိုင်၏ ကောင်းသော ကျေနပ်အားရရာ၏အလိုတော် ရှိကာ၊ အလိုတော်အတွက် အရာခပ်သိမ်းကို ဖန်ဆင်းခဲ့သည်၊ ထိုသို့ဖြင့် ကိုယ်တော်သည် သူ၏အကြံအစည်တော်ကို ပြီးမြောက်ကာ ပြည့်စုံစေခြင်း ရှိနိုင်မည်ဖြစ်သည် - ဗျာ၊၄း၁၁။ ဧ၊၃း၉-၁၁။

B. ခမည်းတော်၏ထာဝရအလိုတော်သည် ကျောက်အဖြစ် သားတော်ခရစ်တော်အပေါ်မှာ အသင်းတော်ကို တည်ဆောက်ခြင်းရှိရန် ဖြစ်သည် - မ၊၁၆း၁၈။ ဧ၊၂း၂၁-၂၂။ ၄း၁၆။

C. ဘုရားသခင်၏အလိုတော်သည် ကိုယ်တော်၏ပြည့်ဝပြည့်စုံခြင်း၊ ကိုယ်တော်၏ထင်ရှားခြင်းဖြစ်ရန် ခရစ်တော်အဖို့ ကိုယ်ခန္ဓာတော်ကို ရရှိဖို့ဖြစ်သည် - ရော၊၁၂း၂-၅။ ဧ၊၁း၅၊ ၉၊ ၁၁၊ ၂၂-၂၃။

D. နိုင်ငံတော်သည် ဘုရားသခင့်အလိုတော်၏ အကြောင်းအရာ လုံးလုံး ဖြစ်ပြီး၊ ကိုယ်တော်၏အလိုတော်ကို အပြည့်အဝ ပြည့်စုံစေသည်။ အမှန်စင်စစ်၊ နိုင်ငံတော်သည် ဘုရားသခင်၏အလိုတော်ဖြစ်သည် - မ၊၆း၁၀။

E. နိုင်ငံတော်သားများအဖြစ် ဘုရားသခင်ချစ်တော်မူသော သားတော်၏နိုင်ငံတော်၌ အသက်ရှင်ကြသောသူများဖြစ်သည့် ကျွန်ုပ်တို့သည် မြေကြီးပေါ်မှာ ခမည်းတော်၏အလိုတော်ကို လုပ်ဆောင်ရန် ဤနေရာ၌ ရှိနေကြခြင်းဖြစ်သည် - ၇း၂၁။ ၁၂း၅၀။

**V. ဘုရားသခင်ချစ်တော်မူသော သားတော်၏နိုင်ငံတော်၌ ပုဂ္ဂိုလ်တစ်ပါးတည်း - အရာအားလုံးပါဝင်သော ခရစ်တော် - နှင့် လမ်းတစ်လမ်းတည်း - ကားတိုင် - သာ ရှိသည် - ကော၊၂း၉၊ ၁၄-၁၅။**

A. ပုဂ္ဂိုလ်တစ်ပါးတည်းဖြစ်သည့် ခရစ်တော်သည် စကြဝဠာ၏ အလယ်ဗဟို၊ ဗဟိုပြုသည့်အချက် ဖြစ်သည် - ၁း၁၅-၁၇။

B. ဘုရားသခင်၏ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ကို များစွာသောအရာများ ပေးဖို့မဟုတ်ပါ။ ကိုယ်တော်သည် ပုဂ္ဂိုလ်တစ်ပါးတည်းဖြစ်သည့် အရာအားလုံးပါဝင်သော ခရစ်တော်ကို ပေးရန်သာ ရည်ရွယ်တော်မူသည် - ၂း၁၀။

C. ကားတိုင်သည် ဘုရားသခင့်အုပ်စိုးခြင်း၏ အလယ်ဗဟိုဖြစ်သည် - အငယ်၊၁၄-၁၅။

1. ကားတိုင်အားဖြင့် ဘုရားသခင်သည် စကြဝဠာရှိ အနုတ်လက္ခဏာအရာများအားလုံးကို ဆက်ဆံဖြေရှင်းသည်။
2. ဘုရားသခင်သည် အရာခပ်သိမ်းကို ကားတိုင်အားဖြင့် အုပ်စိုးပြီး၊ အရာခပ်သိမ်းကို ကားတိုင်အားဖြင့် ဆက်ဆံဖြေရှင်းတော်မူသည်။

**VI. ဘုရားသခင်ချစ်တော်မူသော သားတော်၏ နိုင်ငံတော်၌ ခရစ်တော်သည် အရာခပ်သိမ်း၌ ပထမနေရာ၊ အဦးဆုံးနေရာ၌ ရှိသည် - ၁း၁၈။**

A. ဖန်ဆင်းခြင်းအဟောင်းနှင့် ဖန်ဆင်းခြင်းအသစ် နှစ်ခုလုံး၌၊ စကြဝဠာနှင့် အသင်းတော် နှစ်ခုလုံး၌၊ ခရစ်တော်သည် ပထမဖြစ်ပြီး၊ အဦးဆုံးနေရာ၏ ပထမနေရာကို ရယူသိမ်းပိုက်ထားသည်။

B. ခရစ်တော်၏ အဦးဆုံးနေရာရှိခြင်း ရူပါရုံကို မြင်မည်ဆိုလျှင်၊ ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာနှင့် ကျွန်ုပ်တို့၏ အသင်းတော်အသက်တာသည် အကုန်အစင်ပြောင်းလဲသွားမည်ဖြစ်သည်၊ အကြောင်းမှာ အရာခပ်သိမ်း၌ ခရစ်တော် သည် ပထမဖြစ်ရမည်ကို ကျွန်ုပ်တို့ သိရှိလာမည်ဖြစ်သောကြောင့် ဖြစ်သည်။

1. အရာခပ်သိမ်း၌ သခင်ဘုရားကို ပထမနေရာပေးခြင်းမှာ ကိုယ်တော်ကို ကျွန်ုပ်တို့၏ ရှေးဦးမေတ္တာ၊ အကောင်းဆုံး မေတ္တာဖြင့် ချစ်ခြင်းပင် ဖြစ်သည် - ဗျာ၊၂း၄။

2. ခရစ်တော်ကို ပထမနေရာပေးရန်အလို့ငှာ ကျွန်ုပ်တို့သည် ကိုက်ညှိခံရန်၊ ကျိုးပဲ့ရန်နှင့် ဗလာနတ္တိဖြစ်လာရန် လိုလားဆန္ဒရှိရမည်၊ သို့မှသာ ကိုယ်တော်သည် ကျွန်ုပ်တို့၌၊ ကျွန်ုပ်တို့မှတစ်ဆင့်၊ ကျွန်ုပ်တို့အလယ်တွင် ကိုယ်တော်၏ ရှင်သန်သော ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်းအတွက် နည်းလမ်းရှိနိုင်မည်ဖြစ်သည်။

**VII. ဘုရားသခင်ချစ်တော်မူသော သားတော်၏ နိုင်ငံတော်၌ ကျွန်ုပ်တို့သည် ကိုယ်တော်၏ အရာအားလုံးပါဝင်ခြင်း၌ ခရစ်တော်ကို တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်း ရှိကြသည် - ကော၊၁း၁၂၊ ၂၇။ ၂း၉၊ ၁၆-၁၇။ ၃း၁၊ ၄၊ ၁၁။**

A. ခရစ်တော်သည် သုံးပါးတစ်ပါးဘုရား၏ ကိုယ်ထင်ရှားခြင်းဖြစ်ပြီး၊ ဘုရားဇာတိအဖြစ်တော်၏ ပြည့်ဝပြည့်စုံခြင်း အပေါင်းတို့သည် ကိုယ်တော်၌ ကိုယ်ထင်ရှား ကိန်းဝပ်နေသည် - ၂း၉။

B. ခရစ်တော်သည် ကျွန်ုပ်တို့၏ ခွဲဝေထားသော ဝေစု၊ ကျွန်ုပ်တို့၏ ကောင်းသောမြေ - ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်မှုအတွက် ဘုရားဆိုင်ရာအမွေ ဖြစ်သည် - ၁း၁၂။

C. ခရစ်တော်သည် စကြဝဠာရှိ အပေါင်းလက္ခဏာအရာ မှန်သမျှ၏ စစ်မှန်ခြင်းဖြစ်သည် - ၂း၁၆-၁၇။

D. ခရစ်တော်သည် ဘုရားသခင်၏လက်ယာတော်ဘက်မှာ ထိုင်တော်မူသောအရှင်ဖြစ်သည် - ၃း၁။

E. ခရစ်တော်သည် ကျွန်ုပ်တို့၏ ဘုန်းမျှော်လင့်ရာအဖြစ် ကျွန်ုပ်တို့၌ ကိန်းဝပ်နေသည် - ၁း၂၇။

F. ခရစ်တော်သည် ကျွန်ုပ်တို့၏အသက်ဖြစ်သည် - ၃း၄။

G. ခရစ်တော်သည် လူသစ်တစ်ဦး၏ စေ့စပ်ထုံးဖွဲ့မှု ဖြစ်သည် - အငယ်၊၁၀-၁၁။

© 2024 Living Stream Ministry